EMReF Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ
သတင်းစာစဉ်

အတွဲ(၃)၊ အမှတ်-၉၁ | ဒီဇင်ဘာ ၁၀ ရက်၊ ၂၀၁၉

# အထူးအစည်းအဝေးခေါ်ပေးရန် လွှတ်တော်အမတ်များတောင်းဆို

ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အစီရင်ခံစာကို တိုင်းဒေသကြီး လွှတ်တော်အမတ်များ တိုက်ရိုက်ကြည့်ရှုခွင့် ကန့်သတ်ခံခဲ့ရပြီးနောက် အဆိုပါအခြေအနေကို အမတ်အချို့က ဝေဖန်ခဲ့ကြပြီး လွှတ်တော်အမြန်ဆုံးခေါ်ပေးရေး တောင်းဆိုရန် ပြင်ဆင်နေကြခြင်းဖြစ်သည်။

ပွင့်လင်းမြင်သာမှုမရှိဟု ဝေဖန်ခံနေရသည့် စာရင်းစစ်ချုပ်အစီရင်ခံစာကို ဆွေးနွေးရန်အတွက် လွှတ်တော်အမြန်ဆုံးခေါ်ရေး လွှတ်တော်ဥက္ကဋ္ဌထံ လက်မှတ်ရေးထိုးတောင်းဆိုရန် ရန်ကုန်လွှတ်တော် အမတ်အချို့က ပြင်ဆင်နေကြသည်။

ယခင်နှစ်များက ရန်ကုန်တိုင်းစာရင်းစစ်ချုပ် အစီရင်ခံစာကို တိုင်းလွှတ်တော်အမတ်များက တိုက်ရိုက်ဖတ်ရှုခွင့်ရရှိခဲ့ပြီး ယခုနှစ်တွင်မူ ပြည်သူ့ငွေစာရင်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာထွက်ပေါ်လာမှသာ တိုင်းလွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် ဆွေးနွေးခွင့်ရရှိတော့မည် ဖြစ်သည်။

ယင်းအစီရင်ခံစာအပေါ် ရန်ကုန်လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီက လေ့လာဆန်းစစ်ထားသည့် အစီရင်ခံစာနှင့်ပတ်သက်ပြီး ဒီဇင်ဘာလအတွင်း ဆွေးနွေးနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များက ဒီဇင်ဘာလ ပထမအပတ်အတွင်း လက်မှတ်ထိုးတောင်းဆိုထားသည်။

လွှတ်တော်ခေါ်ရေးအတွက် ရန်ကုန်လွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီဝင် (၁၀) ဦးစလုံး လက်မှတ်ထိုး တောင်းဆိုထားသည်ဟု ကော်မတီအတွင်းရေးမှူး ဦးကျော်ဇေယျကပြောသည်။


ဓာတ်ပုံ - ရန်ကုန်တိုင်းလွှတ်တော်

## အမတ်များဖတ်ခွင့်မရတော့သည့် စာရင်းစစ်ချုပ် အစီရင်ခံစာနှင့် ဖြစ်လာနိုင်သည့် အကျိုးဆက်

လက်ရှိအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးများကို စက်တင်ဘာလကုန်ကတည်းက ရပ်နား ထားသည်။

ဆိပ်ကြီးခနောင်တိုမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက ရန်ကုန်တိုင်းလွှတ်တော် အမြန်ခေါ်ယူရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ ကြိုးစားမှုကို ကျေးဇူးတင်ကြောင်းနှင့် လွှတ်တော်ပြန်စသည့်နေ့တွင် နိုင်ငံရပ်ခြားတွင် ၎င်းတက်ရောက်နေသည့် သင်တန်းမပြီးပါကလည်း သင်တန်းဖျက်ပြီး လာရောက်ဆွေးနွေးမည်ဟု ၎င်း၏ Facebook စာမျက်နှာတွင် ရေးသားထားသည်။

"ကျွန်မဆွေးနွေးနိုင်ဖို့ အကောင်းဆုံးကြိုတင်ပြင်ဆင်ထားပါတယ်"ဟု ဒေါ်စန္ဒာမင်း ၎င်း၏ Facebook စာမျက်နှာတွင် ရေးသားထားသည်။

လတ်တလောသတင်းအရ မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ်ဦးလှဋ္ဌေးက " ဇန်နဝါရီလ ၁၆ ရက်ကို အရေးပေါ်အစည်းအဝေး ခေါ်ယူဖို့တော့ရှိတယ်။ လွှတ်တော်မှာ အရေးပေါ် လုပ်စရာက စာရင်းစစ်ချုပ် အစီအရင်ခံစာရှိတယ်၊ စည်ပင်သာယာရေး ဥပဒေရှိတယ်၊ အဲဒီဥပဒေကိုပြင်ဆင်ရမယ့် အပိုင်းတွေရှိတယ်။ မပြင်ဆင်ရသေးတဲ့ အခြေအနေမှာ စည်ပင်မှာ အလုပ်မလုပ်နိုင်တဲ့ အပိုင်းတွေ ရှိတယ်"ဟု ပြောသည်။

တိုင်းဒေသကြီးအစိုးရက စီမံခန့်ခွဲခွင့်ရသည့် မြေနေရာအဆောက်အအုံ ငှားရမ်းခများမှာ ကာလပေါက်စျေးထက် များစွာလျော့နည်း ငှားရမ်းထားသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် ထောက်ပြဆွေးနွေးလျက်ရှိပြီး ပြည်သူ့ဘဏ္ဍာငွေဖြင့် ဆောင်ရွက်သည့် YBS၊ ရန်ကုန်မြို့သစ် စီမံကိန်းလုပ်များကိုလည်း ထောက်ပြဆွေးနွေးလျက်ရှိသည်။

(ကိုးကား-https://myanmar-now.org, www.mizzimaburmese.com )




ဓာတ်ပုံ - Pyidaungsu Hluttaw Facebook Page

# ခြေဥပြင်ဆင်ရေး အကြံပြုလိုသည့်အချက်ရှိပါက ပေးပို့ရန် ပြည်ထောင်စုလွှတ်တော် အကြောင်းကြား

**နိုဝင်ဘာ ၁၇၊ ၂၀၁၉**

အခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍ အကြံပြုလိုသည့်အချက်များရှိပါက ပေးပို့ရန် ပြည်နယ်နှင့်တိုင်းဝန်ကြီးချုပ်များနှင့် လွှတ်တော်ဥက္ကဋ္ဌများသို့ ပြည်ထောင်စုလွှတ်တော်က အကြောင်းကြားထားသည်။

ပြည်ထောင်စုလွှတ်တော်ရှိ နိုင်ငံရေးပါတီများနှင့် အစုအဖွဲ့များက တင်သွင်းထားသည့် အခြေခံဥပဒေပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ ဖြည့်စွက်ရန် အဆိုပြုချက်များအပေါ် ထပ်မံအကြံပြုလိုပါကပေးပို့ရန် စာဖြင့် အကြောင်းကြားထားကြောင်း ကချင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးခန်လင်က ပြောသည်။

"ကိုယ့်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ သဘောထားဘယ်လိုရှိသလဲ၊ တိုင်း နဲ့ပြည်နယ် အစိုးရနဲ့လွှတ်တော်တွေက ထပ်ပြီးဖြည့်စွက်လိုတဲ့အချက်တွေ၊ ပြုပြင်လိုတဲ့ ဥပဒေတွေကို အကြံပြုခိုင်းတာပဲ"ဟု ၎င်းကရှင်းပြသည်။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ၄၅ ဦး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာပါ အကြံပြုချက်များနှင့်ပတ်သက်၍ ဖြည့်စွက်အကြံပြုချက်များ ပေးပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်ဦးဆောင်၍ နိုဝင်ဘာ ၁၃ ရက်တွင် ပြုလုပ်ပြီး လာမည့်ရက်ပိုင်းအတွင်း ပြည်ထောင်စုလွှတ်တော်သို့ အကြောင်းပြန်ကြားမည်ဟုဆိုသည်။

"တိုင်းရင်းသားပါတီတွေကလည်း သူ့ပါတီက အကြံပြုထားတဲ့အချက်တွေအပေါ်မှာ ငြင်းဆို မှုမရှိဘူး။ သဘောတူတယ်ဆိုပြီးတော့ပဲ အကြံပြုကြတယ်။ ဆက်ပြီးတော့ ထောက်ခံကြတဲ့သဘောပါပဲ။ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်တွေမှာလည်း သူ့ပါတီနဲ့သူရှိတာကိုး"ဟု ဦးခန်လင်က ညှိနှိုင်းအစည်းအဝေးရလဒ်ကို ပြောသည်။

တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ပြည်ထောင်စုလွှတ်တော်မှ အကြောင်းကြားစာကို လက်ခံရရှိထားသော်လည်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးရခြင်း မရှိသေး၍ အကြောင်းမပြန်နိုင်သေးကြောင်း ပြောသည်။

"လွှတ်တော်ကိုယ်စားလှယ်တွေကို ပြည်သူ့ဆီဆင်းခိုင်းထားတော့ မဆုံနိုင်သေးဘူး။ မဆွေးနွေးရသေးဘူး။ အကြံပြုချက်တစ်ခု၊ နှစ်ခုတော့ ပို့ရမယ့်သဘောရှိတယ်"ဟု ၎င်းက ဆိုသည်။

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်ကမူ ယခုရက်ပိုင်းအတွင်းမှာပင် ပြည်ထောင်စုလွှတ်တော်သို့ အကြောင်းပြန်ကြားခဲ့သည်ဟု ပြောသည်။" ပြန်အကြောင်းပြန်လိုက်တာ ရက်ပိုင်းလောက်ပဲရှိဦးမယ်။ အထွေအထူးအကြံပြုစရာတော့ မရှိပါဘူး။ ၄၅ ဦးကော်မတီက လုပ်ထားတာက ပိုပြီးပြည့်စုံပါတယ်"ဟု တနင်္သာရီတိုင်းဝန်ကြီးချုပ်ဦးမြင့်မောင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် အလားတူ အကြောင်းကြားစာရရှိသည်ဟု သိထားသော်လည်း လွှတ်တော်ကိုယ်စားလှယ်များအား ခေါ်ယူဆွေးနွေးခြင်း မရှိသေးကြောင်း တိုင်းဒေသကြီး လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးသိန်းမြင့်က ပြော သည်။

ပြည်ထောင်စုလွှတ်တော်ရှိ နိုင်ငံရေးပါတီ ၁၄ ခုက ဖွဲ့စည်းပုံအခြေခံ ဥပဒေမှ ပြင်ဆင်ဖြည့်စွက်ပယ်ဖျက်ရန် အဆိုပြုချက် စုစုပေါင်း (၃,၇၆၅) ချက် တင်သွင်းထားသည်။ လက်ရှိတွင် ၄၅ ဦး ပူးပေါင်းကော်မတီသည် ယင်းအဆိုပြုချက်များကို အခြေခံ၍ အခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းရေးဆွဲရန် ဆက်လက်ဆောင်ရွက်နေသည်။

ထိုသို့ ဥပဒေကြမ်းရေးဆွဲရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၊ တရားစီရင်ရေးကဏ္ဍ၊ တိုင်းနှင့်ပြည်နယ် ဝန်ကြီးချုပ်များနှင့် လွှတ်တော်ဥက္ကဋ္ဌများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းများ၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များထံမှ အကြံဉာဏ်ရယူမည်ဟု ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းထားသည်။

**(ကိုးကား - https://7daydaily.com)**

# ရှမ်းလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပမည်

**ဒီဇင်ဘာ ၂ ရက်၊ ၂၀၁၉**

ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်၊ (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို လာမည့် ဒီဇင်ဘာလ ၁၆ ရက်တွင် စတင်ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီဇင်ဘာ ၁၆ ရက်နေ့ လုပ်မယ်။ အစည်းအဝေးကတော့ အနည်းဆုံး ၄ ရက်လောက် လုပ်မယ်။ ဥပဒေ ၄ ခု တင်ပြမယ်။ လွှတ်တော်ရဲ့အစီရင်ခံစာအတိုင်း လုပ်မယ်။ တရားသူကြီးချုပ်ရဲ့ အစီရင်ခံစာတို့၊ အစိုးရအဖွဲ့ကလည်း လွှတ်တော်ကို တင်သွင်းမယ့် အစီရင်ခံစာတွေရှိရင် တင်သွင်းဖို့၊ ဥပဒေကြမ်းကော်မတီတွေကလည်း ဥပဒေတင်သွင်းတာတို့ အဲဒီအတွက် ရည်ရွယ်ပြီးလုပ်တာပါ။ ကျန်တဲ့ အမေးအဖြေတွေ၊ အဆိုတွေကတော့ လွှတ်တော်ရဲ့ ထုံးစံအတိုင်းပဲ ဝန်ကြီးတွေက ဖြေပါမယ်"ဟု ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က ကမ္ဘောဇတိုင်းသို့ပြောသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ပြီးခဲ့သည့် စက်တင်ဘာလ ၁၇ ရက်မှ ၂၄ ရက်ထိ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယင်းအစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၂၈ ဦးမှ ကြယ်ပွင့်ပြမေးခွန်း ၅၉ ခုအား မေးမြန်းခဲ့ခြင်းနှင့် အဆို ၂ ခုအား အ တည်ပြုမှတ်တမ်းတင်ခဲ့နိုင်ပြီး ဥပ ဒေ(မူကြမ်း) ၃ ခုအား အတည်ပြု ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းအတွင်း ပုံမှန်အစည်းအဝေး ၁၆ ကြိမ်၊ အရေးပေါ် အစည်းအဝေး ၄ ကြိမ်နှင့် အထူးအစည်းအဝေး ၁ ကြိမ် စုစုပေါင်း လွှတ်တော် အစည်းအဝေး ၂၁ ကြိမ် ကျင်းပ ပြုလုပ်ခဲ့ပြီးဖြစ်ကာ အဆို ၅၆ ခု ဆွေးနွေးနိုင်ခဲ့ပြီး ကြယ်ပွင့်ပြမေးခွန်း ၈၈၂ ခု မေး မြန်းခြင်း၊ ဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(ကိုးကား- www.kanbawzatainews.com)**

# ဖြေဆိုရန်ကျန်ရှိနေသည့် မေးခွန်း ၂၄ ခု အဟောသိကံ ဖြစ်မည်မဟုတ်ဟု မွန်လွှတ်တော်ဥက္ကဋ္ဌဆို

**စက်တင်ဘာလ ၂၇၊ ၂၀၁၉**

ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်၏ ၁၄ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ပြည်နယ် လွှတ်တော်ကိုယ်စားများ မေးမြန်းမည့် မေးခွန်း ၄၉ ခုတွင် မွန်ပြည်နယ်အစိုးရအဖွဲ့မှ ၂၅ ခုသာ ဖြေဆိုမည်ဖြစ်ပြီး ကျန်ရှိနေသည့် မေးခွန်း ၂၄ ခုမှာ ပြည်သူတွေအတွက် အဟောသိကံ ဖြစ်သွားမည်မဟုတ်ကြောင်း မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိက ပြောကြားသည်။

လွှတ်တော်အနေဖြင့် မေးခွန်းမေးမြန်းရာတွင် အစိုးရကို အခက်တွေ့စေခြင်းမျိုး မလုပ်ဘဲ ဌာနဆိုင်ရာများအနေဖြင့် ကွင်းဆင်းစစ်ဆေးရာတွင် အချိန်ကြာမည်ဆိုပါက ရက်ပြောင်းပေး၍ရကြောင်း ဒေါ်တင်အိက ဆိုသည်။

"အစိုးရက အခက်အခဲရှိလို့ ဒီမေးခွန်းကို မဖြေသည့်တိုင်အောင် ဒီမေးခွန်းက ပျောက်ဖျက်မသွားဘူး ဖြေကိုဖြေရမယ် ဘယ်လိုနည်းနဲ့ဖြေရမလဲ သူတို့ဖြေပြီးတဲ့ အချိန်ကျွန်မတို့ လွှတ်တော်ခေါ်ချင်ခေါ်မယ် ကိုယ်စားလှယ်တွေရဲ့ဆန္ဒအရ ကြယ်ပွင့်မပြလို့ ပြောင်းချင်ပြောင်းမယ် အစိုးရမဖြေဘူးဆိုပေမဲ့ ပြည်သူတွေမထိခိုက်ဘူး ဒီမေးခွန်းတွေက ဟောထိကံ ဖြစ်မသွားပါဘူး"ဟု ဒေါ်တင်အိက ဆိုသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့က အဆိုပါအကြောင်းကြားစာကို စက်တင်ဘာလ ၁၇ ရက်နေ့ရက်စွဲဖြင့် လွှတ်တော်သို့ပေးပို့ခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာဌာနများအနေဖြင့် မေးခွန်းနှင့် အဖြေများဖြေဆိုရန် အချိန်မလုံလောက်သဖြင့် နောက်တစ်ကြိမ်လွှတ်တော် အစည်းအဝေးတွင်သာ ဖြေဆိုနိုင်မည်ဖြစ်ကြောင်း အကြောင်းပြန်ခဲ့ခြင်းဖြစ်သည်။

မွန်ပြည်နယ်အစိုးရအဖွဲ့ထံသို့ မေးခွန်း ၁၀ ရက်အတွင်း မရောက်ရှိခြင်းဖြစ်၍ အစိုးရအနေဖြင့် မဖြေဆိုနိုင်ဟုဆိုခြင်းမှာ ဥပဒေအရ အငြင်းပွားခြင်းဖြစ်ပြီး လွှတ်တော်နည်းဥပဒေအရ လွှတ်တော်မစမီ ၁၀ ရက်အလို လွှတ်တော်အကြီးအမှူးထံ ပေးပို့ရမည်ဟုသာ ပါရှိသည်ဟု ပေါင်မြို့နယ် မဲဆန္ဒနယ်အမှတ် ၂ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူးက ဆိုသည်။

ယင်းဥပဒေနှင့်ပတ်သက်ပြီး ပြတ်ပြတ်သားသားဖြစ်ရန်အတွက်လည်း ပြင်ဆင်ရမည်ဟု ယူဆကြောင်းလည်း ၎င်းကဆိုသည်။

ယင်းအကြောင်းပြန်မှုအပေါ်တွင် စက်တင်ဘာလ ၁၈ ရက်နေ့က မွန်ပြည်နယ်လွှတ်တော်မှကျန်ရှိသည့် မေးခွန်း ၂၄ ခုကို စက်တင်ဘာလ ၃၀ တွင် ရက် ပြောင်းရွှေ့ပေးမည်ဖြစ်ကြောင်း စာပြန်ခဲ့သော်လည်း စက်တင်ဘာလ ၂၄ ရက်တွင် နောက်တစ်ကြိမ် လွှတ်တော်တွင်သာ ဖြေဆိုနိုင်မည်ဖြစ်ကြောင်းသာ အကြောင်းပြန်ခဲ့သည်။

မွန်ပြည်နယ်အစိုးရအနေဖြင့် ယင်းကဲ့သို့ နောက်တစ်ကြိမ်လွှတ်တော်တွင် ဖြေဆိုရန် ရက်ပြောင်းရွှေ့ခြင်းမှာ ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွင်း ပထမအကြိမ်ဖြစ်ပြီး ပြီးကဲ့သည့် ပထမအကြိမ်လွှတ်တော်သက်တမ်းအတွင်းတွင်လည်း ဖြစ်ပေါ်ခဲ့ခြင်းမရှိကြောင်း အချက်အလက်များအရ သိရသည်။

**(ကိုးကား-ဟသ်ာမီဒီယာ)**